နောက်ဆက်တွဲ(က)

## Greenland International Limited မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဂျုံမှုန့်ကြိတ်ခွဲထုတ်လုပ်သည့် စက်ရုံ၏ စီမံကိန်းအကြောင်းအရာ

၁။ Greenland International Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ စက်မှုဇုန်၊ အကွက်အမှတ် (၁၁၃)၊ အမှတ်(၅၄၊ ၅၅၊ ၅၆)၊ မြေဧရိယာ (၉.၃၆၁) ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဂျုံမှုန့်ကြိတ်ခွဲထုတ်လုပ်သည့် စက်ရုံအတွက် Greenland International Limited ၏ ၂၇-၆-၂၀၂၄ ရက်စွဲပါ စာဖြင့် တင်ပြခဲ့သည့် တတိယ ပုဂ္ဂိုလ်အဖွဲ့အစည်း Environmental Quality Management (EQM) Co., Ltd. မှ ပြုစုသော အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate–ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးစိုးတင့် (ဒါရိုက်တာ)၊ Greenland International Limited၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ စက်မှုဇုန်၊ အကွက်အမှတ် (၁၁၃)၊ အမှတ်(၅၄၊ ၅၅၊ ၅၆) ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် အဆင့် (၄) ဆင့် ပါဝင်ပါကြောင်း (၁) အကြိုသန့်စင်ခြင်း၊ (၂) သန့်စင်ခြင်း၊ (၃) ကြိတ်ခွဲခြင်းနှင့် (၄) ထုပ်ပိုးခြင်းတို့ ဖြစ်ကြောင်း၊ ကြိတ်ခွဲခြင်းအဆင့်တွင် ဂျုံစေ့၏ endosperm ကို စက်ဖြင့် ကြိတ်ခွဲကာ ဂျုံစေ့ အဆံများအား ဂျုံမှုန့်ဖြစ်သည်အထိ ကြိတ်ခွဲသန့်စင်ကြောင်း၊ နောက်ဆုံးအဆင့်အနေဖြင့် ဂျုံမှုန့် များကို ဖောက်သည်များထံ ပို့ပေးနိုင်ရန် ထုပ်ပိုး၍ ဂိုဒေါင်တွင် သိမ်းဆည်းထားကြောင်း ဖော်ပြ ထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အသုံးပြုကုန်ကြမ်းပစ္စည်းများအနေဖြင့် USA နှင့် Austrilla တို့မှ အဓိက တင်သွင်းခြင်း ဖြစ်ပါကြောင်း၊ စက်ရုံအတွင်းရှိ ရေတွင်းများမှ ၁၅ % ကို ဂျုံများ ကြိတ်ခွဲရာတွင် အစိုဓာတ်ရရှိစေရေး အသုံးပြုပါကြောင်း၊ စုစုပေါင်းရေလိုအပ်ချက်မှာ တစ်နေ့လျှင် ၃၂ ကုဗမီတာခန့် အသုံးပြုကြောင်း၊ လျှပ်စစ်ဓာတ်အားအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းမှ ရယူသုံးစွဲကြောင်းနှင့် အရေးပေါ်လိုအပ်ချက်များတွက် အသုံးပြုနိုင်ရန် (1,000) kW ရှိသော ဓာတ်အားပေးစက် (၄) လုံးကို အသင့်အနေအထားအဖြစ် အသုံးပြုကြောင်း ဖော်ပြ ထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ စက်မှုဇုန်၊ အကွက်အမှတ် (၁၁၃)၊ အမှတ်(၅၄၊ ၅၅၊ ၅၆) တွင် တည်ရှိပါသည်။

